KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ**
၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်, /KHRG စာအမှတ် #21-117-D1

---

# မူတြော်ခရိုင် နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ: ဒွယ်လိုးနှင့်ဘူးသိုမြို့နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများ၊ တပ်မတော်မှလက်နက်ကြီးများရမ်းသန်းပစ်ခတ်ခြင်းနှင့်မြေမြှုပ်မိုင်းများတည်ရှိခြင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လနှင့်ဧပြီလ

---

*ဤနောက်ဆုံးရဒေသတွင်းအစီရင်ခံစာတွင် မူတြော်ခရိုင်၊ ဒွယ်လိုးနှင့်ဘူးသိုမြို့နယ်တို့၌ ၂၀၂၁ ခုနှစ်၊ မတ် လ ၂၈ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အတွင်းဖြစ်ပွားခဲ့သောအဖြစ်အပျက်များအား ရေးသားဖော်ပြထားသည်။ တပ်မတော်မှလက်နက်ကြီးကျည်ဆန်များအား ဒေသတွင်းရှိနေရာများစွာသို့ရမ်းသန်းပစ်ခတ်ခဲ့သောကြောင့် နေရပ်ရွှေ့ပြောင်းခြင်းနှင့် မပေါက်ကွဲသေးသောလက်နက်ခဲရမ်းများတည်ရှိခြင်းများဖြစ်ပွားခဲ့သည်။ လက်နက်ကြီးပစ်ခတ်ခြင်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းခြင်းနောက်ပိုင်း တပ်မတော်နှင့် **KNLA** အကြား တိုက်ပွဲများအသစ်တဖန်ပြန်လည်ဖြစ်ပွားခဲ့သည်။ ယခုတွင် ဒေသခံပြည်သူများမှ ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်ပူပန်ကြောက်ရွံ့ကြသည်။ မြေမြှုပ်မိုင်းအသစ်များလည်း အချို့နေရာများတွင် ထောင်ထားလျှက်ရှိကာ ယခုတွင် ဒေသခံအသိုက်အဝန်းများအတွက် လုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်စေခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ နာကူးခီးကျေးရွာအုပ်စုရှိ အရပ်သားတစ်ဦးသည် မြေမြှုပ်မိုင်းနင်းမိကာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။*

---

<u>ဒွယ်လိုးနှင့်ဘူးသိုမြို့နယ်</u>

၂၀၂၁ ခုနှစ်၊ မတ်လ ၂၈ ရက်နှင့် ဧပြီလ ၅ ရက်အကြားတွင် တပ်မတော်ခြေလျင်တပ်ရင်း (ခလရ) ၁၉ နှင့် ခြေမြန်တပ်ရင်း (ခမရ) ၃၄၁၊ ၄၃၄၊ နှင့် ၃၄၀ တို့သည် ၎င်းတို့၏တပ်စခန်းများဝန်းကျင်ရှိ ကျေးရွာများနှင့်ဒေသတွင်းရှိနေရာများဆီသို့ လက်နက်ကြီးအမြောက်အများအား ရမ်းသန်းပစ်ခတ်ခဲ့သည်။ ဤတပ်ရင်းများသည် ဖာပွန်မြို့အနီး၊ ဒွယ်လိုးမြို့နယ်နှင့်ဘူးသိုမြို့နယ်၏ နယ်နိမိတ်တစ်လျှောက်တွင် အခြေစိုက်ကြသည်။ ၎င်းတို့(တပ်မတော်)သည် ၎င်းတို့၏စခန်းများအနီးတွင် **KNLA** တပ်များတည်ရှိနေကြောင်း သတင်းရရှိခဲ့သောကြောင့် လက်နက်ကြီးကျည်ဆန်များပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

လက်နက်ကြီးများသည် အောက်ဖော်ပြပါနေရာဒေသများသို့ ကျရောက်ခဲ့သည်။

- ဖာပွန်မြို့၊ ရပ်ကွက် (၃)၊ ရပ်ကွက် (၄) နှင့် အနောက်ဖက်ကမ်းရပ်ကွက်
- ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ခလယ်ခိုကျေးရွာ

ဖာပွန်မြို့နယ်မှဒေသခံတစ်ဦးကမူ "*၂၀၂၁ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှာ တပ်မတော်က ဒေသအတွင်းထဲကို လက်နက်ကြီးကျည်ဆန်တွေပစ်ခတ်ခဲ့တယ်။ လက်နက်ကြီးကျည်ဆန်တစ်လုံးက ကျွန်မအိမ်ဘေးနားမှာ ပေါက်ကွဲခဲ့တယ်။*" ဟုဆိုသည်။ ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးမှမရှိသော်လည်း ဒေသခံပြည်သူများအားလုံးသည် ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်ကြောက်ရွံ့ကြသည်။ အနာဂတ်တွင် အခြေအနေပို၍ဆိုးလာမည်ကို ၎င်းတို့စိုးရိမ်ကြသော်လည်း ဘယ်ဆီသို့ထွက်ပြေးရမည်ကို ၎င်းတို့မသိပေ။ "*ကျွန်မတို့က လူမှုကွန်ရက် (ဖေ့စ်ဘွတ်၊ အင်တာနက်)ကို ကြည့်ရှုလို့မရတဲ့အတွက် ကျွန်မတို့က ဒေသတွင်းရဲ့အခြေအနေကိုအချိန်နဲ့တစ်ပြေးညီ မသိရဘူး။ ဒါကြောင့် ကျွန်မတို့ဘယ်ကိုထွက်ပြေးသင့်လဲ၊ ဘယ်နေရာကိုသွားဖို့အကောင်းဆုံးလဲဆိုတာ ကျွန်မမသိချင်တယ်။*"


၂၀၂၁ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စုရှိ ကူးဆိပ်တပ်မတော်တပ်စခန်းအား **KNLA** မှ တိုက်ခိုက်ခဲ့သည်။ **KNLA** စစ်သားများမှ တပ်မတော်လမ်းများအားလည်း သစ်တုံးများနှင့် မြေမြှုပ်မိုင်းများဖြင့် ပိတ်ဆို့ခဲ့သည်။ တပ်မတော်မှ ပြန်လည်တုန့်ပြန်သောအားဖြင့် အနီးအနားရှိကျေးရွာများထံသို့ လက်နက်ကြီးကျည်ဆန်များအား ရမ်းသန်းပစ်ခတ်ခဲ့သည်။ ယခုတွင် ဒေသခံပြည်သူများက လက်နက်ကြီးပစ်ခတ်ခြင်းနှင့်မြေမြှုပ်မိုင်းများအား ကြောက်ရွံ့စွာဖြင့်နေထိုင်နေရကြသည်။ ခရီးသွားကန့်သတ်ချက်များနှင့်လည်း ၎င်းတို့ရင်ဆိုင်ရသည်။ (တပ်မတော်စစ်သားများရှိနေခြင်းနှင့် မြေမြှုပ်မိုင်းများတည်ရှိနေခြင်းကြောင့် ၎င်းတို့သည် ခရီးမသွားရဲကြပေ။)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ခမရ (၃၄၁) မှ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စုရှိ က---ကျေးရွာဆီသို့ လက်နက်ကြီးကျည်ဆန်များဖြင့်ပစ်ခတ်ခဲ့သောကြောင့် ဒေသခံရွာသားများက ဒွယ်လိုးမြို့နယ်၊ ကလောထာကျေးရွာအုပ်စုရှိ မ---ကျေးရွာသို့ ထွက်ပြေးခဲ့ကြရသည်။ ခမရ ၃၄၁ ၏ဗိုလ်မှူးကမူ မ---ကျေးရွာအုပ်ချုပ်ရေးမှူးအား ဒေသခံရွာသားများ၏အိမ်တွင်နေထိုင်သော **IDP** တစ်ယောက်မကျန်၏စာရင်းအားတင်ပြရန် မှာကြားခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ဒေသခံရွာသားများမှ ၎င်းတို့၏အိမ်တွင်လက်ခံထားသော **IDP** အား တိုင်ကြားထားသောစာရင်းနှင့် မတိုင်ကြားသောရွာသားများ၏စာရင်းဟူ၍ စာရင်းသီးခြားနှစ်ခုပြုလုပ်ရန်လည်း မှာကြားခဲ့သည်။ [မှာကြားသူမှာ ၎င်းသည် အဘယ်ကြောင့် ဤစာရင်းများလိုအပ်ကြောင်း ရှင်းလင်းစွာမပြောကြားခဲ့ပေ။]

၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ နာကူးခီးကျေးရွာအုပ်စု၊ နာကူးခီကျေးရွာ၊ ငါးအင်းစုလမ်းဆုံ၌ ဖာပွန်မြို့မှအရပ်သားတစ်ဦးသည် မကြာမီကပင်ထောင်ထားသော မြေမြှုပ်မိုင်းအား နင်းမိခဲ့သည်။ ၎င်းသည် ကုသမှုခံယူဖို့ရန် ခလရ (၄၃၄) စခန်းရှိဆေးခန်းသို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ ၎င်းသည် မည်မျှလောက်ဆိုးရွားစွာဒဏ်ရာရရှိကြောင်းကို ဒေသခံရွာသားများက မသိရှိကြပေ။ [KHRG အနေဖြင့် ဤကိစ္စနှင့်ပတ်သက်သော နောက်ထပ်အချက်အလက်များအား မရရှိခဲ့ပေ။]

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသော အစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏လုပ်ငန်းများကို ပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။


Mutraw (Hpapun)District
N
S
W
E
Bangladesh
Laos
Myanmar
Thailand
India
India
India
Hkay Pu
Naw Yoh Hta
Yeh Muh Plaw
Kaw Luh Der
Ler Mu Plaw
Saw Muh Plaw
Tay muh Der
Lu Thaw (Hpapun) Township
Hplah Hkoh Doh
Pah Heh
Weigyi Dam
Pay Kay Der
Thailand
Dagwin Dam
Khen Pa Hta
Baw Thay Hta
Hkaw Pu
K'Law Hta
Hpa puh Town
Meh Klaw
Shegwin Dam
Bwar Der
Bu Tho (Hpapun) Township
Nah Ku Nah
Mah Htaw
Meh Thuh
Meh Way
Meh Nyu
Lay Hkaw Htee
Meh Hku
Htee Tha Blu Hta
Dwe Lo (Hpapun) Township
Meh Mweh
Hku Thu Hta
Day Wah
Ma Lay Ler
Meh Cho
K'Ter Tee
Kyaw Pah
Waw Muh
Meh Pree
Lay Poe Hta
Hatgyi Dam
Htee tha Daw Hta
Ka Ma Moh Town
Legend
Village track point
Town
Road
Dam Project
Rivers
Localy defined Karen boundary
International boundary
0
5
10
20 Miles
KHRG